# ရှဉ့်ကလေး၏ စွမ်းအား

By Jo Dias

'စိတ်ပျက်စရာ ကောင်းလိုက်တာ' ဤသည်မှာ ထိုနေသာသော နေ့တစ်နေ့၌ ကျွန်မ မည်ကဲ့သို့ ခံစားနေရသည်ကို ဖော်ပြရန် တစ်ခုတည်းသော နည်းလမ်းပင်ဖြစ်သည်။ ကျွန်မ၏ ခင်ပွန်းသည် တစ်ဖန် ခရီးထွက်ရပါဦးမည်။ ကျွန်မတစ်ယောက်တည်း ကလေး (၄) ယောက်နှင့် ကျန်ခဲ့ရပါမည်။ ငွေကြေးက နည်းပါးပြီး ကျွန်မ၏ ကျန်းမာရေးမှာ ဆိုးဝါးလှပါသည်။ ဆယ်ကျော်သက်အရွယ် ကျွန်မ၏ သမီးမှာလည်း သူမ၏ ဘဝနှင့် ဘေးကျပ်နံကျပ်ကာလကို ဖြတ်သန်းရပေဦးမည်။ သူမ၏ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းခြင်း၊ အခြားကလေးများကို စောင့်ရှောက်ပေးခြင်းနှင့် အိမ်မှုကိစ္စဆောင်ရွက်ခြင်းများကို တစ်ချိန်တည်းတွင် ဆောင်ရွက်ရခြင်းသည် ကျွန်မကို အကျပ်အတည်းအတွင်းသို့ ကျရောက်စေပါသည်။

ကျွန်မ ကြိုးစားလုပ်ဆောင်သော်လည်း ကျွန်မ၏ အခြေအနေအပေါ် အကောင်းတစ်ခုကိုမြင်ရန်ပင် ခက်ခဲလှပါသည်။ ကျွန်မ ဆုတောင်းခဲ့ပါသည်။ အရာရာတွင် ခံစားရ အနည်းငယ် သက်သာစေရန် ဘုရားရှင် ပြုလုပ်ပေးပါမည့်အကြောင်း ကျွန်မ မည်မျှ ဆုတောင်းခဲ့ပါသနည်း။

အနီးအနား၌ရှိသော နွေလေညင်းထဲတွင် ယိမ်းထိုးနေသော လှပသည့် သစ်ပင်အုပ်များကို ကြည့်လိုက်ရင်း ကျွန်မ ဖြတ်သန်းခဲ့ရသော စိတ်ပျက်စရာကောင်းသည့် အခြားအချိန်များကို စဉ်းစားနေမိပါသည်။ ဘုရားသခင်သည် ကျွန်မကို အားပေးရန် အမြဲတမ်း တစ်ခုခု လုပ်ဆောင်ပေးခဲ့ကြောင်း သတိရလာခဲ့ပါသည်။ သို့သော် အမြဲတမ်း ပထမအကြိမ်မှာ ဤသို့ပင် ဖြစ်ကြောင်းကိုတော့ စိတ်ပျက်လက်ပျက်ဖြင့် တွေးနေမိသည်။

ထိုစဉ် ရှဉ့်ကလေးတစ်ကောင်သည် သစ်ပင်များကို တက်လိုက်ဆင်းလိုက်လုပ်ရင်း တကျွိကျွိ အော်မြည်နေသည်ကို ကျွန်မ သတိပြုမိလိုက်သည်။ သူသည် သစ်ပင်တစ်ပင်ပေါ် တက်သွားလိုက် ပြန်ဆင်းလိုက်၊ တစ်ဖန်ပြန်တက်လိုက် လုပ်နေသည်ကို ကျွန်မစောင့်ကြည့်နေခဲ့ပါသည်။ ကမ္ဘာကြီးအတွင်း ဘာကိုမျှ ဂရုမစိုက်ဘဲ ပျော်နေပုံရသည့် အကောင်ငယ်လေးကို ကျွန်မ မနာလို ဖြစ်မိ သည်။ ထိုအချိန် အတောအတွင်း ကျွန်မ၏ ဘဝသည် အကျဘက်ကို ထိုးဆင်းနေပြီး တစ်ဖန်ပြန်တက်ရန် လမ်းမမြင်သကဲ့သို့ ခံစားနေရသည်။

ကျွန်မ၏ ရှဉ့်ကလေးသည် ထိုအချိန်ကလေး၌ နည်းဗျူဟာ ပြောင်းလဲရန် ရွေးချယ်ခဲ့သည်။ သစ်ပင်များအပေါ် ပြေးတက်လိုက် ပြေးဆင်းလိုက် လုပ်မည့်အစား သစ်ပင်တစ်ပင်မှ အခြားတစ်ပင်ကို ခုန်ကူးရန် စတင်လုပ်ဆောင်ပါတော့သည်။ သူသည် သစ်ပင်တန်း၏ နောက်ဆုံးအပင်သို့ ခုန်ကူးလိုက်ပြီး သစ်ပင်အုပ်၏ အစွန်ဆုံးရှိ သစ်ပင်သို့ ဦးတည်လိုက်ပါတော့သည်။

ကျွန်မ ထိုသစ်ပင်များအကွာအဝေးကို စိတ်မှန်းဖြင့် တိုင်းတာကြည့်ရာ သူယခင်က ကုန်ခဲ့သည့် အကွာအဝေးထက် နှစ်ဆ (သို့) သုံးဆ ပိုဝေးမည်မှာ သေချာပါသည်။ 'မင်းဒါကို တကယ်လုပ်လို့ ရမှာမဟုတ်ဘူး၊ အကောင်လေး' ဟု ကျွန်မသည် တီးတိုး ရေရွတ်လိုက်မိပါသည်။ သို့သော်သူသည် ကျွန်မ၏ အကြံပေးမှုကို မစောင့်စားပါ။ သူသည် ပထမပိုင်းအချို့ အနည်းငယ်က ရဲရင့်မှုရှိပြီး အောင်နိုင်ခဲ့ပါသည်။ သို့သော် သည်တစ်ကြိမ်မှာတော့ ကြီးမားသော စိန်ခေါ်မှုကြီးပင်ဖြစ်သည်။ သူဘာလုပ်မည်နည်း။"

သူသည် ထိတ်ထိတ်ပျာပျာနှင့် အော်ဟစ်ကာ အကြိမ်အနည်းငယ်မျှ သစ်ပင်ကို ပြေးတက်ပြေးဆင်းလုပ်ပါသည်။ ထို့နောက်ရပ်၍ အကွာအဝေးကို ကြည့်လိုက်သည်။ ထို့နောက် ဝပ်လိုက်ပြီး ကျွန်မ သတိမထားမိမီ ခုန်လိုက်ပါသည်။ ခုန်လိုက်ပါပြီ။ သူသည် လေထဲတွင် တစ်မိနစ်ခန့် ရှိနေပါသည်။ နောက်ဆုံးတွင် အဖြစ်ဆိုးနှင့် ဇာတ်သိမ်းရတော့မည်ဟု ကျွန်မ တွေးမိခဲ့သောကြောင့် မျက်စိကို လွှဲထားချင်ပါသည်။

သို့သော် ထိုသို့မဖြစ်ခဲ့ပါ။ သူသည် ဧရာမ အကွာအဝေးကို ကျော်လွှားပျံသန်းနိုင်ရုံမျှမကဘဲ မိမိကို ဤသို့သောအရာမျိုး ပြုလုပ်ရန်အတွက် ဖန်ဆင်းထားကြောင်းအား သိနေခြင်းမှသာလျှင် ဖြစ်ပေါ်လာသော တင့်တယ်ခြင်းနှင့် ဘုန်းအသရေတို့ဖြင့် အခြားတစ်ပင်ပေါ်သို့ ခြေချသွားနိုင်ခဲ့သည်။ သူသည် အောင်မြင်မှုအတွက် ဆူဆူညံညံ အော်ဟစ်အောင်ပွဲခံပြီး သူ၏ ဆုလာဘ်အနေဖြင့် သစ်ပင်ထိပ်ဖျားသို့ ခုန်ပေါက် တက်သွားခဲ့ပါသည်။

ထိုအချိန်၌ ကျွန်မသည် တစ်ချိန်လုံး အသက်အောင့်ထားခဲ့သည်ကို သတိထားမိခဲ့ပါသည်။ ကျွန်မသည် မလိုအပ်ဘဲ ပြုံးရင်းတွေးမိခဲ့သည်။ ထိုအကောင်ငယ်လေးသည် သူ၏ အသိစိတ်အရ သူ၏ ဖန်ဆင်းရှင်အား ယုံကြည်ခြင်းဖြင့် နာခံလုပ်ဆောင်ခဲ့ပါသည်။

ကျွန်မ ဘာလိုအပ်ခဲ့သည်ကို ကျွန်မ သိလိုက်သည်။ ကျွန်မသည် သစ်ပင်များအကြားရှိ အကွာအဝေးကို တိုင်းတာပြီး တစ်ဖက်သို့ ခုန်ကူးရန် ကြောက်နေဘိသကဲ့သို့ ကျွန်မ၏ ပြဿနာများကိုသာ ကြည့်ရင်း အလုပ်များနေခဲ့ပါသည်။ ထိုအချိန် အနည်းငယ်အတွင်း၌ ကျွန်မသည် ကျွန်မ၏ ဖန်ဆင်းရှင်၊ ကယ်တင်ရှင်၊ အကောင်းဆုံး မိတ်ဆွေအား ယုံကြည်မှု ပျောက်ဆုံး နေခဲ့ပါသည်။

ယခုအခါ သစ်ကိုင်းများအပေါ်၌ ပျော်ရွှင်မြူးထူးစွာ ပြေးလွှားနေသည့် ရှဉ့်ကလေးကို ကြည့်ခြင်းဖြင့် ဘုရားသခင်သည် ကျွန်မ ဆုတောင်းခြင်းကို အဖြေပေးခဲ့ပြီဖြစ်ကြောင်းကို ကျွန်မ သိခဲ့ရပါသည်။ ယင်းမှာ ခန်းနားကြီးကျယ်သော အံ့သြဖွယ်ရာတစ်ခု မဟုတ်ပါ။ သို့သော် ရှဉ့်ကလေး၏ ဆူဆူညံညံ အမျှင်မပြတ် ပြောဆိုနေသော စကားများက သူ့အား စောင့်ရှောက်သော ဘုရားသခင်ကပင် ကျွန်မကိုလည်း စောင့်ရှောက်လိမ့်မည်ဟု ပြောနေသကဲ့သို့ ဖြစ်နေပါတော့သည်။

ထိုအရာများကို သင်တို့သည် အသုံးလိုကြောင်းကို ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် သိတော်မူ၏။
"ဘုရားသခင်၏ နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားတော်ကို ရှေးဦးစွာ ရှာကြလော့။ နောက်မှ ထိုအရာများကို ထပ်၍ ပေးတော်မူလတံ့။ ထို့ကြောင့် မနက်ဖြန်အဘို့ မစိုးရိမ်ကြနှင့်။ နက်ဖြန်နေ့သည် မိမိအဘို့ စိုးရိမ်လိမ့်မည်"
(မဿဲ ၆း၃၂-၃၄)